# ရေးမြို့နယ်မြန်မာဒေသိယစကားနှင့် လူမှုဘာသာဗေဒအမြင်

ပါရဂူ(PhD)ဘွဲ့အတွက်တင်သွင်းသောကျမ်း


မောင်ကျော်ထွန်း

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်



၂၀၀၇ခုနှစ်၊ မေလ

## ကျမ်းအကျဉ်းချုပ်

ဤကျမ်းတွင် ဘာသာစကားရောထွေးမှုကြောင့် ဖြစ်ပေါ်လာသော ရေးမြို့နယ် မြန်မာဒေသိယ စကားများကို လူမှုဘာသာဗေဒအမြင်ဖြင့် လေ့လာတင်ပြထားပါသည်။ ထိုသို့တင်ပြရာတွင် ရေးဒေသိယစကား၏ စကားသံဖွဲ့ပုံ၊ စကားလုံးဖွဲ့ပုံနှင့် ဝါကျဖွဲ့ပုံ၊ စကားအသုံးအနှုန်း စသည့် ကဏ္ဍများခွဲ၍ လေ့လာတင်ပြပါသည်။ ရေးမြို့ပြနှင့်နိုင်းယှဉ်လျှင် စကားသံပိုင်းတွင် အနည်းငယ် ထူးခြားသော အစင်စကားသံကိုလည်း ဆက်စပ်တင်ပြထားပါသည်။ ရေးဒေသိယစကားများကို လူမှုဘာသာဗေဒအမြင်ဖြင့် လေ့လာနိုင်ရန် လူမှုဘာသာဗေဒသဘောတရားများကို ခြုံငုံတင်ပြ၍ လူမှုသဘောထင်ရှားစေရန် ဒေသိယသုံးစကားနှင့် ဒေသိယသုံးဝါကျတို့ကို သာဓကများအဖြစ် ရှင်းလင်းတင်ပြထားပါသည်။ စကားစဉ်စိစစ်မှုများဖြင့် စကားခွန်းအသီးသီး၏ အနက်သက်ရောက်ပုံကို လေ့လာ၍ လူမှုဘာသာဗေဒရှုထောင့်မှ ချဉ်းကပ်လေ့လာထားပါသည်။